# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 15 , 2022 | Volume 51, Number 11


**၁၅.၂.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၇၉ US$ |
| မြန်မာ့ရွှေဈေး | = ၁၉၀၃၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၈၅ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၁၅.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၂၀.၉ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၁၀.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၇၁.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၀.၀၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၅၆၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၄၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၄.၅၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၅.၀၃၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မြန်မာနိုင်ငံမှ မြေပဲများကို ပြည်ပဈေးကွက်ဝယ်လိုအားများနေ

မြန်မာနိုင်ငံမှ မြေပဲများကိုပြည်ပသို့ တင်ပို့ရောင်းချရာတွင် အခွံမပါမြေပဲဆန်နှင့် အခွံပါမြေပဲများ တင်ပို့ရောင်းချပေးနေရပြီး ပြည်ပဈေးကွက်ဝယ်လိုအားများနေကြောင်း စီးပွား ရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပဲအမျိုးအစား ၂၀ ကျော် တင် ပို့ရောင်းချလျက်ရှိရာ မြေပဲကို ပြည်ပသို့ တင်ပို့ရောင်းချပေးရာတွင် မြေပဲအခွံပါနှင့် အခွံမပါ မြေပဲဆန်များကို အပတ်စဉ်တင်ပို့ရောင်းချနေရကြောင်း သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလ အောက်တိုဘာ ၁ ရက်မှ ယခုနှစ် ဖေဖော်ဝါရီ ၂ ရက်ထိ မြေပဲများကို အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၃၀၉ သန်းဖိုးထိ တင်ပို့ ရောင်းချပေးခဲ့ရ ကြောင်း သိရသည်။

ထိုသို့ တင်ပို့ရောင်းချပေးရာတွင် အခွံပါမြေပဲများကို အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၂၉ သန်းဖိုးထိတင်ပို့ရောင်းချ ပေးခဲ့ ရပြီး အခွံမပါမြေပဲဆန်များကို အမေရိကန် ဒေါ်လာ ၃၆ ဒသမ ၈၈ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ကလည်း အခွံပါမြေပဲများကို အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၈၁ သန်းဖိုးနှင့် အခွံမပါ မြေပဲဆန်များကို အမေရိကန်ဒေါ်လာ ၁၈၃ ဒသမ ၀၈၃ သန်းဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၉၀ ဒသမ ၇၆၄ သန်းဖိုးထိ တင်ပို့ရောင်းချ ပေးခဲ့ရကြောင်း သိရသည်။

ထိုကဲ့သို့ မြေပဲများ ပြည်ပဈေးကွက်ဝယ်လိုအားများနေသကဲ့သို့ ပြည်တွင်း၌ လည်း မြေပဲဆီစားသုံးမှုမြင့်တက်နေပြီး ဆီစက်လုပ်ငန်းများ၏ ဝယ်ယူမှုမှာလည်း မြင့်တက်လာခဲ့ကြောင်း၊ ထို့ကြောင့် ပြည်တွင်းဈေးကွက်များတွင် ယခင်ကမြေပဲ တစ်ပိဿာလျှင် ငွေကျပ် ၂၂၅၀ သာပေါက်ဈေးရှိနေခဲ့ရာမှ ယခုအခါ မြေပဲ တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀ ထိ ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ကမ္ဘာ့ရွှေဈေးမြင့်တက်ခြင်းကြောင့် မြန်မာ့ရွှေဈေးကျပ် ၁၉ သိန်းနီးပါးသို့ ရောက်ရှိလာပြီး နယ်မှရွှေများဝင်ရောက်လာခြင်းကြောင့် ပြန်လည်ရောင်းချမှုများလာ

ကမ္ဘာ့ရွှေဈေးမြင့်တက်ခြင်းကြောင့် မြန်မာ့ရွှေဈေးကျပ် ၁၉ သိန်းနီးပါးသို့ ရောက်ရှိ လာပြီး နယ်မှရွှေများဝင်ရောက်လာခြင်းကြောင့် ပြန်လည်ရောင်းချမှုများနေကြောင်း ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌဦးမျိုးမြင့်က ပြောကြားသည်။



https://news-eleven.com/article/225710

ကမ္ဘာ့ရွှေဈေးနှုန်းမှာ ယခင်က ဒေါ်လာ ၁၇၅၀ ခန့်သာရှိရာမှ လက်ရှိတွင် ၁၈၅၄ သို့ ရောက်ရှိလာခဲ့ရာ ဖေဖော်ဝါရီ ၁၄ ရက်တွင် မြန်မာ့ရွှေဈေးနှုန်းမှာ တစ်ကျပ်သား လျှင် ၁၈၉၅၀၀၀ ကျပ်သို့ ရောက်ရှိလာခဲ့သည်ဟု ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များ အသင်းက ထုတ်ပြန်သည်။

"ရွှေက ထူးထူးခြားခြားတက်တာတော့ မဟုတ်ဘူး။ ကမ္ဘာ့ဈေးတက်တော့ လိုက်တက်လာတာ" ဟု ဦးမျိုးမြင့်က ပြောကြားသည်။ ရွှေဈေးနှုန်းတက်လာ ခြင်းကြောင့် မြန်မာ့ရွှေဈေးကွက်အတွင်း ပြန်လည်ရောင်းချမှုများ ရှိနေပြီး နယ်မှရွှေများ ဝင်ရောက်ခြင်းကြောင့်ဖြစ်ကြောင်း ဦးမျိုးမြင့်ကဆက်လက်ပြောကြားသည်။

"အရောင်းအဝယ်ကတော့ အေးတယ်။ ဒါပေမဲ့ နယ်က ပစ္စည်းဝင်တာများတော့ အရောင်းများတယ်။ ပုံမှန်ကတော့အေးတယ်" ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောကြားသည်။

မြန်မာ့ရွှေဈေးနှုန်းမှာ ယခုနှစ် နှစ်စပိုင်းမှ စတင်ပြီး တစ်ကျပ်သားလျှင် ၁၈ သိန်းနှစ်သောင်းကျော်တွင် ရောက်ရှိခဲ့ခြင်းဖြစ်ပြီး တစ်လကျော်အကြာတွင် ကျပ် ၁၉ သိန်းနီးပါးသို့ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ်မှစ၍၂၀၂၂ ခုနှစ်အထိ ပြည်တွင်း ရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက်စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၇ ရက်တွင် ကျပ် ၁၃၃၅၅၀၀၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၁၄၂၀၀၀၀ ဖြစ်သည်။

ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းနှင့် ကျပ် ၁၂၀၀၀၀၀ တန်းကို ကျော်လွန်လာခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာတွင် ကျပ် ၁၃၁၀၀၀၀ ကျော်အထိ မြင့်တက်ခဲ့ခြင်းဖြစ်ကာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀နှင့် စက်တင်ဘာလအတွင်း ကျပ်သိန်း ၂၀ ကျော်အထိ စံချိန်တင်မြင့်တက်ခဲ့သည်။

**Source:** https://news-eleven.com/article/225710

## မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလဆန်းပိုင်းက မိုးရွာသွန်း၍ ထုတ်လုပ်မှုစရိတ်မြင့်တက်ကာ ဆားကြမ်းဈေးနှုန်းမြင့်လာ



https://news-eleven.com/article/225706

မွန်ပြည်နယ်တွင်ဖေဖော်ဝါရီလဆန်းပိုင်းက မိုးရွာသွန်း၍ ထုတ်လုပ်မှု စရိတ်မြင့်တက်ကာ ယခင်နှစ်ထက် ဆားကြမ်းဈေးနှုန်း မြင့်လာကြောင်း သိရသည်။

"မော်လမြိုင်မှာ မိုးရွာတဲ့လဆန်း (ဖေဖေဖော်ဝါရီ ၅ / ၆ ရက်) မှာ ပေါင်ထန်းပင်ချောင်ဆားကွင်း လှမ်းမေးတော့ မိုးရွာပါတယ်။ အများကြီး မဟုတ် ဘူး။ တစ်ခါ သံဖြူဇရပ် ပငဆားကွင်းမှာလည်း နှစ်နာရီလောက်၊ ကျိုက္ခမီ စက်စဲ ဆားကွင်းမှာလည်း မိုးရွာကြတယ် လို့ပြောတယ်၊ အားလုံးအပျက်စီးမများကြပါဘူး။ ပျက်စီးမှု နည်းပေမယ့် ဆားပေါက်ဈေး တစ်ပိဿာကျပ် ၁၁၀နဲ့ မနှစ်က ကျပ်

၆၅ ထက် ပိုရနေပါတယ်” ဟု မော်လမြိုင်ဆားကုန်သည်တစ်ဦးက ပြောကြားသည်။

သံဖြူဇရပ် ပင်ဆားကွင်းလုပ်ငန်းရှင်က “ဒီလကဖျက်မိုးရွာမိုးရေဝင်တော့ အထွက်နောက်ကျပြီး စက်ဆီ၊ လုပ်သား ဈေးမြင့်တော့ ပေါက်ဈေးကျပ်တစ်ရာကျော် ရောင်းနေရပါတယ်” ဟု ဆားကွင်းပိုင်ရှင် ဦးအောင်ထွေးက ပြောကြားသည်။ “ဆားကြမ်းဈေးတက်နေတော့ ခုချိန်ဝယ်ရင် စိန်ခေါ်မှုကြီးတယ်။ စောင့်ကြည့်နေကြတယ်၊ ဆားလှိုင်လှိုင်ထွက်မယ့် ဧပြီ၊ မေလ ပေါက်ဈေးကို စောင့်ကြည့်ပြီး ဝယ်ရမယ်” ဟု မော်လမြိုင် ဆားကြမ်းကြိတ်ခွဲသည့် ဆားစက်ပိုင်ရှင်တစ်ဦးက ပြောကြားသည်။ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်းထွက်ရှိသည့် ဆားကြမ်းတစ်ပိဿာမှာ ဇန်နဝါရီ တတိယပတ်က ကျပ် ၈၀ သာ ပေါက်ဈေး ရှိခဲ့သည့်အတွက် ဆားတောင်သူများ တွက်ခြေမကိုက်ဖြစ်ခဲ့ကြောင်း ဒေသခံဆား တောင်သူများထံမှသိရသည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်း ဆားကြမ်းတစ်ပိဿာ ကျပ် ၁၃၀ အထိ ပေါက်ဈေးရှိခဲ့သော်လည်း လက်ရှိဇန်နဝါရီ တတိယပတ်ကာလတွင် ဆားကြမ်းတစ်ပိဿာ ကျပ် ၈၀ သာပေါက်ဈေးရှိခဲ့ကြောင်း၊ ထို့အတွက်ကြောင့် ထုတ်လုပ်မှု ကုန်ကျစရိတ်၊ အလုပ်သမားစရိတ်နှင့် ဂိုဒေါင်ငှားရမ်းထားရသည့်စရိတ်များကြောင့် တွက်ခြေကိုက်မှုမရှိကြောင်း သံဖြူဇရပ် မြို့နယ်မှ ဆားတောင်သူတစ်ဦးက ဇန်နဝါရီ ၁၇ ရက်က ပြောကြားခဲ့သည်။

လက်ရှိ ဆားကြမ်းအရောင်းအဝယ် ပုံမှန်နီးပါးရှိနေသော်လည်း တချို့တောင်သူများမှာ ထုတ်ရောင်းခြင်းမရှိဘဲ ဈေးကွက် အခြေအနေကို စောင့်ကြည့်နေကြသည့် သဘောမျိုးရှိကြောင်းနှင့် လာမည့်ဧပြီလအတွင်း ဆားရာသီသိမ်းပြီးမှသာ အရှုံးအမြတ် တွက်ချက်နိုင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

စက်မှုကုန်ကြမ်းအနေဖြင့် ဈေးကွက်မရှိခြင်းနှင့် Export ဈေးကွက်မရှာဖွေနိုင်ခြင်းများကြောင့် ဆားကြမ်းဈေးကွက်အား ထိန်းချုပ်နိုင်မှုမရှိခြင်းဖြစ်ကြောင်း ဆားတောင်သူများက သုံးသပ်ပြောကြားကြသည်။

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပင ကျေးရွာတွင် ဆားကွင်းဧကပေါင်း ၂၉၀၀ ခန့်ရှိပြီး ရာသီဥတုမဖျက်ပါက ပုံမှန်အားဖြင့် ဆားပိဿာချိန် သိန်း ၃၀၀ ခန့်ထွက်ရှိကြောင်း၊ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်း ပင ကျေးရွာအပြင် ကျိုက္ခမီ၊ စက်စဲနှင့် ဝဲကလောင်း ကျေးရွာတို့တွင်လည်း ဆားလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/225706

## နိုင်ငံတကာ လေကြောင်းခရီးစဉ် ကိုဗစ်ကန့်သတ်ချက်များကို ဗီယက်နမ်နိုင်ငံဖယ်ရှား

ဖေဖော်ဝါရီ ၁၅ ရက်ကစပြီး ဈေးကွက်အားလုံးမှာ နိုင်ငံတကာခရီးသွားလေကြောင်းခရီးစဉ်အပေါ် ချမှတ်ထားတဲ့ ကိုဗစ် (၁၉) ကန့်သတ်ချက်တွေကို ဗီယက်နမ်က ဖယ်ရှားသွားမှာဖြစ်ပြီး ခရီးစဉ်ကန့်သတ်တာတွေလည်းရှိမှာ မဟုတ်တော့ဘူးလို့ အစိုးရ သတင်းစာကဖော်ပြပါတယ်။

ဗီယက်နမ်က ကိုဗစ် (၁၉) ကို တားဆီးဖို့ ကပ်ရောဂါကာလအစမှာ တင်းကျပ်တဲ့ထိန်းချုပ်မှုတွေလုပ်ခဲ့ပြီး ကနဦးမှာ အောင်မြင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း နိုင်ငံရဲ့ဝင်ငွေ ၁၀ ရာခိုင်နှုန်းကို ရှာဖွေပေးနေတဲ့ ခရီးသွားလုပ်ငန်းကို အထိနာ စေခဲ့ပါတယ်။ မူဝါဒ အသစ်ကို လုပ်ဖော်ကိုင်ဖက် နိုင်ငံအားလုံးကို အကြောင်းကြားထားပြီး အဲဒီထဲက တရုတ်နိုင်ငံကပဲ လေယာဉ် ခရီးစဉ်တွေ ပြန်ပြေးဆွဲဖို့ သဘောမတူသေးဘူးလို့ ဗီယက်နမ် အရပ်ဖက်လေကြောင်း အာဏာပိုင်အဖွဲ့ ဒုတိယအကြီးအကဲကို ကိုးကားပြီး သတင်းစာက ဖော်ပြပါတယ်။

ဗီယက်နမ်က ၂၀၂၂ ခုနှစ်ကစပြီး နိုင်ငံပေါင်း ၁၅ နိုင်ငံဆီကို လေကြောင်းပြေးဆွဲတာ တဖြည်းဖြည်း ပြန်စတင်နေပါတယ်။ ကွာရန်တင်း ဝင်ရက်တွေကိုလည်း လျှော့ချပေးခဲ့ပါတယ်။ အခုဆိုရင် ကာကွယ်ဆေးထိုးထားတဲ့ ခရီးသည်တွေဟာ သုံးရက်ပဲ သီးခြားခွဲနေထိုင်ဖို့လိုပါတယ်။ ဗီယက်နမ်နိုင်ငံသား ၉၈ ရာခိုင်နှုန်းကလည်း ကာကွယ်ဆေးထိုးပြီးဖြစ်ပါတယ်။

**Source:** http://sdtimedaily.com/

## RCEP စတင်အသက်ဝင်ပြီဖြစ်သဖြင့် ကပ်ရောဂါနှင့်ကုန်သွယ်မှုပဋိပက္ခများအကြား တောင်ကိုရီးယားနိုင်ငံအတွက် ကုန်သွယ်ရေးဆိုင်ရာဆုလဒ်တစ်ခုအဖြစ် မျှော်လင့်ထားရှိမှုအခြေအနေ





**Photo: The Korea Times**

ကမ္ဘာ့အကြီးဆုံး လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်ကြီးဖြစ်သော ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership- RCEP) သည် တောင်ကိုရီးယားနိုင်ငံအတွက် (၁-၂-၂၀၂၂) ရက်နေ့တွင် စတင် အသက်ဝင်ခဲ့ပါသည်။

RCEP စတင်အသက်ဝင်လာမှုအရ ကုန်သွယ်မှုအပေါ်သက်ရောက်မှုသည် မော်တော်ကား၊ သံမဏိနှင့် အစိတ်အပိုင်းများကဲ့သို့သော တောင်ကိုရီးယားနိုင်ငံမှ လက်ရှိတင်ပို့သည့်ပစ္စည်းများအပြင် ဂိမ်းများနှင့်ရုပ်ရှင်များအတွက်ပါ အကျိုးဖြစ်ထွန်းမှု ရှိစေရန်နှင့် တောင်ကိုရီးယား၏ ပြည်ပဈေးကွက်များကို ပိုမိုကျယ်ပြန့်လာစေရန် တောင်ကိုရီးယားနိုင်ငံ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုန်သွယ်ရေးအသိုက်အဝန်းက မျှော်လင့်ထားကြပါသည်။ ထို့ပြင် ပို့ကုန်ကိုအဓိကအားပြုနေရပြီး၊ ကပ်ရောဂါနှင့် ကုန်သွယ်ရေးဆိုင်ရာပဋိပက္ခများကို ရင်ဆိုင်ရလျက်ရှိသော တောင်ကိုရီးယားနိုင်ငံအတွက် RCEP သည်အခွင့်အလမ်းသစ်များယူဆောင်ပေးမည့် ကုန်သွယ်ရေးဆိုင်ရာဆုလဒ်တစ်ခုအဖြစ် ရှုမြင်ထားကြပါသည်။

RCEP တွင် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်(၁၀)နိုင်ငံနှင့် အခြားအာရှ-ပစိဖိတ်ဒေသမှ ငါးနိုင်ငံဖြစ်သည့် တောင်ကိုရီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံနှင့်နယူးဇီလန်နိုင်ငံ စုစုပေါင်း (၁၅)နိုင်ငံတို့ ပါဝင်ကြပြီး၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် ဩစတြေးလျနိုင်ငံ၊ ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ လာအိုနိုင်ငံ၊ နယူးဇီလန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့သည်လည်းကောင်း၊ တောင်ကိုရီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့တွင်လည်းကောင်း အသီးသီးစတင် အသက်ဝင်ခဲ့ပြီဖြစ်ပါသည်။ RCEP အဖွဲ့ဝင်နိုင်ငံများ၏ စုစုပေါင်းကုန်သွယ်မှုပမာဏ၊ လူဦးရေနှင့် Nominal GDP တို့သည် ကမ္ဘာ့စုစုပေါင်း၏ (၃၀) ရာခိုင်နှုန်းဝန်းကျင်ခန့်ရှိပြီး၊ RCEP အဖွဲ့ဝင်နိုင်ငံများသို့ တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်ပမာဏသည် စုစုပေါင်း နိုင်ငံ့ပို့ကုန်ပမာဏ၏ ထက်ဝက်ခန့်ထိရှိပါသည်။

အရှေ့အာရှနှင့်ပတ်သက်ပြီး RCEP သည် တောင်ကိုရီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ကြား ပထမဆုံး FTA လည်းဖြစ်ရာ RCEP ၏သဘောတူညီချက်များအရ အကောက်ခွန်လျှော့ချမှုဖြင့်ချိတ်ဆက်မှုအသစ်များမှတစ်ဆင့် အိမ်နီးချင်းသုံးနိုင်ငံသည် အာဆီယံထက် ဤသဘောတူညီချက်မှ ပိုမိုအကျိုးဖြစ်ထွန်းနိုင်သည်ဟု အမေရိကန်တွေးခေါ်ပညာရှင်တစ်ဦးဖြစ်သည့် Atlantic Council ကသုံးသပ်ခဲ့ပြီး၊ Korea International Trade Association (KITA) ၏ ကုန်သွယ်မှုဆိုင်ရာတာဝန်ရှိသူတစ်ဦးကလည်း RCEP သည် နိုင်ငံသုံးနိုင်ငံကြား ကုန်သွယ်မှုတွင် ပိုမိုကောင်းမွန်သောအနာဂတ်ကို ယူဆောင်လာမည်ဖြစ်ကြောင်း၊ RCEP သည် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာပွတ်တိုက်မှုများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ကူညီပေးနိုင်မည်ဟု

သုံးသပ်ကြပါသည်။

ဂျပန်နှင့် တောင်ကိုရီးယားတို့အကြားတွင် ကုန်သွယ်မှုဆိုင်ရာအဟန့်အတားများ ဖြစ်ပေါ်လျက်ရှိခဲ့ရာ ဤ RCEP သည် နှစ်နိုင်ငံအကြား ကုန်ပစ္စည်းမျိုးစုံအပေါ် အခွန်စည်းကြပ်မှုများ ဖယ်ရှားပေးသည့် ပထမဆုံးသော စီးပွားရေးမိတ်ဖက်သဘောတူညီချက်လည်းဖြစ်ပါသည်။ RCEP အရ တောင်ကိုရီးယားနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့်ကုန်သွယ်မှုတွင် နောင်နှစ်(၂၀)တာကာလအတွင်း အကောက်ခွန်သက်သာခွင့်သည် (၉၄)ရာခိုင်နှုန်းအထိလည်းကောင်း၊ တရုတ်နိုင်ငံ၊ နယူးဇီလန်နိုင်ငံတို့နှင့် (၉၁)ရာခိုင်နှုန်းအထိလည်းကောင်း၊ ဂျပန်နိုင်ငံနှင့်(၈၃)ရာခိုင်နှုန်းအထိလည်းကောင်း အဆင့်ဆင့်ရရှိခံစားနိုင်မည်ဖြစ်ပါသည်။ သို့ရာ တွင် တောင်ကိုရီးယားနှင့် ဂျပန်အစိုးရနှစ်ရပ်တို့သည် ၎င်းတို့ နိုင်ငံများ၏ သက်ဆိုင်ရာ အရေးကြီးသောကုန်စည်များကို လွတ်လပ်သော ကုန်သွယ်မှုစာရင်းမှဖယ်ထုတ်၍ Sensitive Items စာရင်းတွင်ထည့်သွင်းထားကြောင်း၊ ၂၀၁၁ ခုနှစ်၊ Fukushima နျူကလီးယားဘေးအန္တရာယ်နှင့် ဒေသတွင်းပင်လယ်ရေညစ်ညမ်းမှုနှင့်ဆက်နွယ်နေသည့် ပြည်သူများ၏ စိုးရိမ်ပူပန်မှုများကြောင့် တောင်ကိုရီးယားနိုင်ငံဘက်မှလည်း ဂျပန်ငါးဖမ်းလုပ်ငန်းနှင့် တင်သွင်းခွင့်ဆိုင်ရာများကို ဆက်လက်ပိတ်ပင်ထားမည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် တောင်ကိုရီးယားနိုင်ငံအနေဖြင့် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ (၄.၈) ဘီလီယံ ဖြစ်ပေါ်ခဲ့ပြီး၊ ကျွမ်းကျင်သူများက RCEP ၏သြဇာလွှမ်းမိုးမှုကိုကျော်လွန်ကာ စွမ်းအင်ဈေးနှုန်းများ မြင့်တက်လာခြင်းနှင့် RCEP အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဤအကျပ်အတည်းကို ဖြေရှင်းရာတွင်ခက်ခဲလိမ့်မည်ဟု ကျွမ်းကျင်သူများက ရှုမြင်ကြကြောင်း၊ RCEP သည် ဝန်ဆောင်မှုကဏ္ဍနှင့် အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးတွင် ကုန်သွယ်မှုဆိုင်ရာ အခွင့်အလမ်းများကို ဖွင့်လှစ်ထားခြင်းကြောင့် တောင်ကိုရီးယားနိုင်ငံသည် ၎င်း၏အရေးပါသော ကုန်သွယ်ဖက်ဖြစ်သည့် အာဆီယံဒေသနှင့်ကုန်သွယ်မှုတွင် ပိုမိုအကျိုးရှိမည်ဖြစ်ကြောင်း အစီရင်ခံစာအများအပြားက ဖော်ပြခဲ့ကြပါသည်။ ထို့ပြင် RCEP သည် ဒေသတွင်းတွင် ရေပန်းစားလျက်ရှိသော တောင်ကိုရီးယား POP ယဉ်ကျေးမှုအား ပိုမိုကျယ်ပြန့်တိုးတက်နိုင်ရန် အခွင့်အလမ်းတစ်ရပ်လည်းဖြစ်ပါသည်။

သို့ပါ၍ RCEP စတင်အသက်ဝင်ပြီဖြစ်သဖြင့် ကပ်ရောဂါနှင့်ကုန်သွယ်မှုပဋိပက္ခများအကြား တောင်ကိုရီးယားနိုင်ငံအတွက် ကုန်သွယ်ရေးဆိုင်ရာဆုလဒ်တစ်ခုအဖြစ် ကုန်သွယ်မှုအသိုက်အဝန်းမှ မျှော်လင့်ထားရှိမှုအခြေအနေကို သိရှိနိုင်ပါရန် တင်ပြလိုက်ရပါသည်။

**Source: www.asean.org၊ The Korea Times၊ KBS World**

**ဝင်းပပသူ (စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဆိုးလ်မြို့)**

## ပြည်တွင်းရှိ ဂျပန်စက်မှုမြို့များ၌ ပိုမိုရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် အိန္ဒိယနိုင်ငံအစိုးရက ဖိတ်ခေါ်

အိန္ဒိယနိုင်ငံ၌ တည်ထောင်ဆောင်ရွက်လျက်ရှိသော ဂျပန်စက်မှုကုန်ထုတ်မြို့များတွင် ပိုမို ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မည့် အခြေအနေနှင့် အခွင့်အလမ်းများကို ရှင်းလင်းပြသလျက် ဂျပန်လုပ်ငန်းရှင်များမှ ပါဝင်လုပ်ကိုင်ရန် အိန္ဒိယအစိုးရက ဖိတ်ခေါ်ခဲ့ကြောင်း သိရှိရပါသည်။

နှစ်နိုင်ငံ အစိုးရများအကြား ၂၀၁၅ ခုနှစ် ဧပြီလတွင် လက်မှတ်ရေးထိုးခဲ့သည့် အိန္ဒိယ-ဂျပန် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုမြင့်တင်ရေးနှင့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းအစီအစဉ် သဘောတူညီချက်အရ အိန္ဒိယနိုင်ငံအတွင်း ဒေလီ-မွန်ဘိုင်း စက်မှုစင်္ကြံနှင့် ချန်နိုင်း-ဘန်ဂယ်လူရု စက်မှုစင်္ကြံတို့တစ်လျှောက်တွင် ဂျပန်လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို အထူးပြုဆောင်ရွက်သော ဂျပန်စက်မှုလုပ်ငန်းမြို့များအား တည်ထောင်လုပ်ကိုင်လျက်ရှိပါသည်။

အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက ၁၄-၂-၂၀၂၂ နေ့၌ သတင်းထုတ်ပြန်ရာတွင် အဆိုပါ ဂျပန်စက်မှုလုပ်ငန်းမြို့များအား တည်ထောင်လုပ်ကိုင်မှုနှင့်စပ်လျဉ်း၍ တိုးတက်မှုအခြေအနေ သုံးသပ်ညှိနှိုင်းဆွေးနွေးပွဲကို ထိုနေ့တွင် ဗွီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့ကြောင်း၊ အိန္ဒိယဘက်မှ ပြည်ပရေးရာဝန်ကြီးဌာနနှင့် စက်မှုလုပ်ငန်းမြှင့်တင်ရေးနှင့် ပြည်တွင်းကုန်သွယ်မှုဦးစီးဌာန (DPIIT) တို့မှ ကိုယ်စားလှယ်များ၊ ဂျပန်ဘက်မှ စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ အိန္ဒိယနိုင်ငံရှိ ဂျပန်သံရုံးနှင့် JETRO အသင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း၊ ၎င်းဆွေးနွေးပွဲ၌ အိန္ဒိယနိုင်ငံဘက်မှ

ကုန်ထုတ်လုပ်ငန်းကဏ္ဍ ၁၄ ခုအတွက် ထုတ်လုပ်မှုမြှင့်တင်ရေး ချိတ်ဆက်အားပေးဆွဲဆောင်မှု (PLI) အစီအစဉ်ကို ချမှတ်ဆောင်ရွက်မှု၊ ၎င်းအစီအစဉ်၌ပါဝင်လုပ်ကိုင်မည့် ဂျပန်ကုမ္ပဏီများ၏ အဆိုပြုလွှာများအပေါ် ခွင့်ပြုချက်ပေးအပ်ဆောင်ရွက်မှု၊ ဂျပန်လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံလုပ်ကိုင်မှု လွယ်ကူစေရေးအတွက် အမျိုးသားအဆင့် တစ်ခုတည်းသော ပြတင်းပေါက်စနစ် (National Single Window System) ကို ဗဟိုအဆင့် ဝန်ကြီးဌာန ၂၀ ခုနှင့် ပြည်နယ်/ ပြည်ထောင်စုနယ်မြေ အစိုးရအဖွဲ့ ၁၄ ခုတို့ဖြင့် ထူထောင်ဆောင်ရွက်ထားရှိမှုနှင့် အခြေခံအဆောက်အအုံများ တည်ထောင်ထားရှိမှုတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း၊ အဆိုပါ ဂျပန်စက်မှုလုပ်ငန်းမြို့များ၌ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ လျှပ်စစ်မော်တော်ယာဉ်၊ ဒရုန်း၊ ရိုဘော့တစ်၊ ချည်မျှင်နှင့်အထည်အလိပ်စသည့်ကဏ္ဍများသည် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများရှိပြီး ဂျပန်ကုမ္ပဏီများအနေဖြင့် ပါဝင်လုပ်ကိုင်ရန် ဖိတ်ခေါ်ခဲ့ကြောင်း၊ ဂျပန်နိုင်ငံဘက်မှလည်း အိန္ဒိယ-ဂျပန် နှစ်နိုင်ငံလက်မှတ်ရေးထိုးထားသည့် စက်မှုလုပ်ငန်းမိတ်ဖက်လုပ်ကိုင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်မည်ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်းဖြင့် ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံရှိ ဂျပန်စက်မှုလုပ်ငန်းမြို့များ၌ ဂျပန်ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံလုပ်ကိုင်မှုကို မြှင့်တင်ရန်အတွက် ဘာသာပြန်ဆို ဝန်ဆောင်မှုပေးခြင်း၊ အရန်သင့်အသုံးပြုနိုင်သော ကမ္ဘာ့အဆင့်မီ အခြေခံအဆောက်အအုံများထောက်ပံ့ခြင်း၊ နေအိမ်နှင့် ရုံးအဆောက်အဦပိုင်းဆိုင်ရာ ပံ့ပိုးခြင်းစသည်တို့ကို သီးသန့်စီစဉ်ပေးထားခြင်းဖြစ်ပါသည်။

လက်ရှိကာလတွင် ၎င်းစက်မှုမြို့များ၌ Daikin, Isuzu, Kobelco, Yamaha Music နှင့် Hitachi Automotive တို့ကဲ့သို့သော အထင်ကရလုပ်ငန်းများအပါအဝင် ဂျပန်ကုမ္ပဏီပေါင်း ၁၁၄ ခုက ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိပြီး ရာဂျပ်စတန်ပြည်နယ်ရှိ နီမရာနာမြို့နှင့် အန္တရာပရာဒေ့ရှ် ပြည်နယ်ရှိ ဆီရီမြို့များတွင် အများဆုံးအခြေပြုကြောင်း၊ ဂျပန်နိုင်ငံသည် အိန္ဒိယ၌ ပဉ္စမမြောက် ရင်းနှီးမြှုပ်နှံမှု အများဆုံးဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်မှစတင်၍ လက်ရှိကာလအထိ ရင်းနှီးမြှုပ်နှံမှု တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၃၆.၂ ဘီလီယံကျော်ရှိကြောင်း၊ ဂျပန်ကုမ္ပဏီများအနေဖြင့် မော်တော်ယာဉ်၊ အီလက်ထရွန်းနစ်၊ ဆေးပစ္စည်းကိရိယာ၊ လူသုံးကုန်၊ အထည်အလိပ်၊ စားသောက်ကုန်နှင့် ဓာတုပစ္စည်းများထုတ်လုပ်မှုလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက ဖော်ပြပါသည်။

Source: **India's DPIIT and Japan's METI jointly review the progress under Japanese Industrial Townships in India, 14-2-2022, Press Information Bureau of India**

**နေအေးလွင် (စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့)**

## ၂၀၂၁ ခုနှစ်တွင် စင်ကာပူနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှဝင်ငွေသည် စင်ကာပူဒေါ်လာ ၁.၉ ဘီလီယံသာရရှိခဲ့သဖြင့် ယခင်နှစ်ထက် ၆၀.၄ ရာခိုင်နှုန်းကျဆင်းခဲ့ခြင်း

စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့၏ စာရင်းအရ ၂၀၂၁ ခုနှစ်တွင် စင်ကာပူနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှရရှိသော ဝင်ငွေသည် စင်ကာပူဒေါ်လာ ၁.၉ ဘီလီယံသာရှိသဖြင့် ၂၀၂၀ ပြည့်နှစ်နှင့်နှိုင်းယှဉ်ပါက ၆၀.၄ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါသည်။

စင်ကာပူ၏ ခရီးသွားလုပ်ငန်းဝင်ငွေမှာ ကိုဗစ် ၁၉ ကပ်ရောဂါစတင်ဖြစ်ပွားခဲ့သော ၂၀၂၀ ပြည့်နှစ်တွင် စင်ကာပူဒေါ်လာ ၄.၈ ဘီလီယံနှင့် ကိုဗစ် ၁၉ ကပ်ရောဂါမတိုင်မီ ၂၀၁၉ ခုနှစ်တွင် စင်ကာပူဒေါ်လာ ၂၇.၇ ဘီလီယံအထိ ရရှိခဲ့ပါသည်။ သို့ဖြစ်ရာ ၂၀၂၀ ပြည့်နှစ်တွင် ရရှိခဲ့သော ခရီးသွားလုပ်ငန်းဝင်ငွေမှာလည်း ၂၀၁၉ ခုနှစ်နှင့်နှိုင်းယှဉ်လျှင် ၈၂.၆ ရာခိုင်နှုန်းအထိ လျော့ကျခဲ့ခြင်းဖြစ်ပါသည်။

နိုင်ငံတကာ၏ ကိုဗစ် ၁၉ ကပ်ရောဂါထိန်းချုပ်ရေးအစီအမံများကြောင့် ၂၀၂၁ ခုနှစ်တွင် စင်ကာပူနိုင်ငံသို့ နိုင်ငံခြားခရီးသည်ဝင်ရောက်မှုသည် ၃၃၀,၀၀၀ ဦးခန့်သာရှိခဲ့ပါသည်။ ယင်းအရေအတွက်မှာ ၂၀၂၀ ပြည့်နှစ်တွင်ဝင်ရောက်ခဲ့သော နိုင်ငံခြားခရီးသည် ၂.၇၄ သန်းနှင့်နှိုင်းယှဉ်လျှင် ၈၈ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ခြင်းဖြစ်ပါသည်။ အလားတူစွာပင် ၂၀၂၀ ပြည့်နှစ်တွင် စင်ကာပူနိုင်ငံသို့ ဝင်ရောက်ခဲ့သောနိုင်ငံခြားခရီးသည် ၂.၇၄ သန်းမှာလည်း ၂၀၁၉ ခုနှစ်စာရင်းနှင့်နှိုင်းယှဉ်ပါက ၈၅.၇ ရာခိုင်နှုန်းအထိ လျော့နည်းခဲ့ပါသည်။

စင်ကာပူအစိုးရအနေဖြင့် ကိုဗစ် ၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုဆိုးရွားလျက်ရှိသော ခရီးသွားလုပ်ငန်းများ ဆက်လက်

ရပ်တည်လုပ်ကိုင်နိုင်စေရေးအတွက် စုစုပေါင်း စင်ကာပူဒေါ်လာ ၃၂၀ သန်းသုံးစွဲမည့် လက်မှတ်တစ်စောင်လျှင် စင်ကာပူဒေါ်လာ ၁၀၀ တန်ဖိုးရှိသော ခရီးသွား ဘောင်ချာ (Tourism Voucher) များကို စင်ကာပူနိုင်ငံသားများသို့ထုတ်ပေးသောအစီအစဉ်၊ ကိုဗစ် ၁၉ ကာကွယ်ဆေး ထိုးနှံပြီးသူများကို ကွာရင်တင်းနေထိုင်ရန်မလိုအပ်ဘဲ ခရီးသွားလာခွင့်ပြုသော အစီအစဉ် (Vaccinated Travel Lane – VTL)၊ ခရီးသွားဈေးကွက်မြှင့်တင်ရေးနှင့် လုပ်ငန်းများ၏ ကုန်ကျစရိတ်သက်သာစေရေးအစီအစဉ်တို့ဖြင့် ပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း သိရှိရပါသည်။

**Source: Channel News Asia**

**မြတ်နိုး (စီးပွားရေးသံမှူး-မြန်မာသံရုံး၊ စင်ကာပူ)**

## STOCK EXCHANGE (15.2.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 15th Feb. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | -100 | -1.20% | 8,200 | 8,200 | 8,200 | 350 | 2,870,000 | 33,109,694 | 271,499 |
| MTSH | 00002 | 3,000 | +0 | +0.00% | 3,000 | 3,000 | 2,900 | 1,200 | 3,500,000 | 38,929,150 | 116,787 |
| MCB | 00003 | 8,000 | +200 | +2.56% | 8,000 | 8,000 | 8,000 | 113 | 904,000 | 10,400,986 | 83,208 |
| FPB | 00004 | 19,500 | +500 | +2.63% | 19,500 | 19,500 | 19,500 | 2 | 39,000 | 2,472,053 | 48,205 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 400 | 1,060,000 | 12,823,224 | 33,982 |
| EFR | 00006 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 0 | 0 | 19,977,223 | 56,935 |
| AMATA | 00007 | 5,200 | +0 | +0.00% | 5,200 | 5,200 | 5,200 | 0 | 0 | 10,497,598 | 54,588 |


### Market summary

As of 15th Feb. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 382.39 | +0.01 | +0.00% | 380.48 | 382.39 | 378.24 | 2,065 | 8,373,000 | 7 | 665,204 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 15th Feb. 2022

| MYANPIX | 382.39 ▲ 0.01 |
|---|---|
| Total Volume (shares) | 2,065 |
| Total Value (MMK) | 8 mil |
| Listed Company | 7 |
| Market Cap. (MMK) | 665,204 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▼ 100 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 200 |
| FPB | 00004 | 19,500 | ▲ 500 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 2,850 | ▲ 0 |
| AMATA | 00007 | 5,200 | ▲ 0 |

TIR